# ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ် (COVID-19) ကူးစက်ရောဂါနှင့်ပတ်သက်၍

## ■ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ် ကူးစက်ရောဂါဆိုတာ

ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ်(COVID-19)နဲ့ ဆက်စပ်တဲ့အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါဖြစ်ပါတယ်။ ချောင်းဆိုးတာနဲ့ ကိုယ်အပူချိန်မြင့်တာတွေဖြစ်ပေါ်ပြီး ဝေဒနာပြင်းထန်တတ်ပါတယ်။ သာမန်အားဖြင့် ပိုးပါတဲ့အမှုန်တွေလွင့်စဉ်မှု၊ ကိုယ်ခန္ဓာနဲ့ ထိတွေ့မှုနည်းလမ်းတွေနဲ့ ပြန့်ပွားတယ်လို့ ယူဆရပါတယ်။

## ■အောက်ပါရောဂါလက္ခဏာရှိသူတွေ"ဂျပန်သို့ပြန်လာသူ/ထိတွေ့မှုရှိဖူးသူတိုင်ပင်ရေးစင်တာ" ဒါမှမဟုတ် ပြသနေကျ ဆရာဝန်နဲ့ တိုင်ပင်ပါ။

- အသက်ကြီးသူ/ရောဂါအခံရှိသူဖြစ်ပြီး ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းစတဲ့ သိပ်မပြင်းတဲ့ အဖျားရောဂါလက္ခဏာရှိခြင်း
- ပြင်းထန်တဲ့ ပင်ပန်းမှု (ကိုယ်ခန္ဓာလေးလံခြင်း)နဲ့ အသက်ရှုမဝမှု (အသက်ရှုကျပ်ခြင်း)၊ အဖျားကြီးခြင်း စတဲ့ ပြင်းထန်တဲ့ ရောဂါလက္ခဏာ တစ်ခုခု ရှိခြင်း
- အထက်ပါအချက်များ မရှိသော်လည်း ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းစတဲ့ သိပ်မပြင်းတဲ့ အဖျားရောဂါလက္ခဏာ ကြာမြင့်နေခြင်း

စင်တာမှာ တိုင်ပင်မှု ရလဒ်အရ ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ် ကူးစက်မှုသံသယရှိတဲ့အခါ အထူးကုသရေး ဆေးရုံဆေးခန်းကို မိတ်ဆက်ပေးပါမယ်။ နှာခေါင်းစည်းတပ်၊ အများသုံးလမ်းပန်း ဆက်သွယ်ရေးနည်းလမ်းကို ရှောင်ရှားပြီး သွားပြပါ။

**ဂျပန်သို့ပြန်လာသူ/ထိတွေ့မှုရှိဖူးသူ တိုင်ပင်ရေးစင်တာများ စာရင်း**

https://www.mhlw.go.jp/stf/seisakunitsuite/bunya/kenkou_iryou/covid19-kikokusyasessyokusya.html

## ■ဘာသာစကားပေါင်းစုံနဲ့ တိုင်ပင်ဆွေးနွေးနိုင်တဲ့ စင်တာ

AMDA ဆေးကုသမှုအထူး တိုင်ပင်ဆွေးနွေးရေးစင်တာ

https://www.amdamedicalcenter.com/

**ဂျပန်တစ်ဝန်း ဘာသာစကားပေါင်းစုံ လူနေမှု တိုင်ပင်ဆွေးနွေးရေးစင်တာ**

(ဂျပန်ဘာသာ၊ လွယ်ကူသော ဂျပန်ဘာသာ အင်္ဂလိပ်ဘာသာ)

http://www.clair.or.jp/j/multiculture/association/consultation_list.html

## ■ကိုရိုနာဗိုင်းရပ်စ်သစ်ဆိုင်ရာ ဘာသာစကားပေါင်းစုံ သတင်းအချက်အလက် (လွယ်ကူသောဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာ)

http://www.clair.or.jp/tabunka/portal/info/contents/114517.php

(ရောဂါဆိုင်ရာ၊ ငွေကြေးထောက်ပံ့မှုဆိုင်ရာ၊နေထိုင်ခွင့်ဗီဇာဆိုင်ရာ၊ အခြားအကြောင်းအရာများ)

## ■တစ်ဦးချင်းရဲ့ ကူးစက်မှုကြိုတင်ကာကွယ်ရေးနဲ့ ပြန့်ပွားမှုတားဆီးရေးတွေက အရေးကြီးပါတယ်

**ကိုယ်ပူတာလို အဖျားရောဂါလက္ခဏာရှိတဲ့အခါ ကျောင်းတွေ၊ အလုပ်တွေကနေ အနားယူပါ။**



### လူတစ်ဦးချင်းလုပ်ရမယ့် ကြိုတင်ကာကွယ်ရေးလုပ်ဆောင်မှု

- အပြင်ကပြန်လာရင် လက်ဆေး၊ ပလုတ်ကျင်းတာတွေ လုပ်ပါ
- အရက်ပြန်ပါတဲ့ပိုးသတ်ဆေးနဲ့ လက်ဖဝါး လက်ချောင်းတွေကို ပိုးသတ်ပါ
- လေဝင်လေထွက်မကောင်းတဲ့ ပိတ်လှောင်တဲ့အခန်း၊ လူအများ စုဝေးတဲ့နေရာ၊ နီးနီးကပ်ကပ် စကားပြောဆို ထိတွေ့မှုရှိတဲ့နေရာ
- အခန်းထဲမှာ သင့်တင့်တဲ့ စိုထိုင်းမှုနဲ့ လေဝင်လေထွက်ကောင်းကောင်း ရှိအောင်လုပ်ပါ
- အချိန်မှန်မှန် အိပ်စားနေထိုင်ပြီး ကောင်းကောင်းအနားယူပါ
- အဟာရ ဟန်ချက်ညီညီ စားသောက်တာ၊ ရေ လုံလုံလောက်လောက် သောက်သုံးတာတွေကို ဂရုစိုက်လုပ်ပါ



### "ချောင်းဆိုးခြင်းဆိုင်ရာ ကျင့်ဝတ်" နဲ့ ကူးစက်ပြန့်ပွားမှု တားဆီးရေးလုပ်ဆောင်မှု

- ချောင်းဆိုး၊ နှာချေတဲ့ ရောဂါလက္ခဏာရှိတယ်ဆိုရင် နှာခေါင်းစည်း တပ်ထားပါ
- နှာခေါင်းစည်း မရှိတဲ့အခါ ပါးစပ်နဲ့ နှာခေါင်းတွေကို တစ်ရှူး၊ အင်္ကျီလက်တွေနဲ့ အုပ်ပြီး ချောင်းဆိုး၊ နှာချေပါ

**ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ်နဲ့ပတ်သက်ပြီး တယ်လီဖုန်းနဲ့တိုင်ပင်ဆွေးနွေးမှုတွေလက်ခံနေပါတယ်**

တယ်လီဖုန်းနံပါတ်　　　　　　　　လက်ခံဆွေးနွေးချိန်　　　　　　နေ့　နာရီ　မိနစ် မှ　နာရီ　မိနစ်

| စုံစမ်းရန် |
| --- |

# လက်ဆေးကြပါစို့

ဆပ်ပြာကို အမြှုပ်ထအောင်လုပ်ပြီး အောက်မှာပါတဲ့ အဆင့်တွေအတိုင်း ဆေးကြပါစို့။


**လက်မဆေးခင် အသင့်ပြင်ဖို့**

◆လက်သည်းတိုတိုညှပ်ထားပါသလား

◆နာရီလက်စွပ်တွေ ချွတ်ပြီးပြီလား

Check !





**အညစ်အကြေးကျန်တတ်တဲ့နေရာ**

◆လက်ဖျား

◆လက်ချောင်းကြား

◆လက်မပတ်ပတ်လည်

◆လက်ကောက်ဝတ်

◆လက္ခဏာအရေးအကြောင်း


(၁) ဆပ်ပြာကို အမြှုပ်ထစေပြီး လက်ဖဝါးချင်း ကောင်းကောင်း ပွတ်တိုက်ပါ



(၂) လက်ဖမိုးကို ပွတ်တိုက်ပါ



(၃) လက်ချောင်းထိပ်နဲ့ လက်သည်းကြားတွေကို သေသေချာချာ ပွတ်တိုက်ပါ



(၄) လက်ချောင်းကြားတွေကို ပွတ်တိုက်ပါ



(၅) လက်မကို ဆုပ်လှည့်ပြီး ပွတ်တိုက်ပါ



(၆) လက်ကောက်ဝတ်ကိုလည်း မမေ့မလျော့ ဆေးပါ



**ဆပ်ပြာကို ရေနဲ့စင်အောင်ဆေးပြီး သန့်ရှင်းတဲ့ မျက်နှာသုတ်ပဝါနဲ့ ခြောက်သွေ့အောင် သုတ်ပါ။**

2020/5/13（一財）自治体国際化協会